Burmese | မြန်မာ

# ယုံမှတ်အပ်နှံမှု အုပ်ထိန်းအဖွဲ့ (Public Trustee) သို့ တိုင်တန်းမှု လမ်းကြောင်း

## သင်၏ တိုင်တန်းချက်လမ်းကြောင်း

ယုံမှတ်အပ်နှံမှုအုပ်ထိန်းမှုအဖွဲ့ (Public Trustee) သည် အဖွဲ့သို့ ဆက်သွယ်သူများ၏ အခွင့်အရေးများ၊ ဂုဏ်သိက္ခာနှင့် အကျိုးများကို တိုးမြှင့်ရန်နှင့် ကာကွယ်ရန် တာဝန်ယူထားပါသည်။ ယုံမှတ်အပ်နှံမှုအုပ်ထိန်းမှုအဖွဲ့ (Public Trustee) သည် ထိရောက်သော တိုင်တန်းမှုဖြေရှင်းခြင်း၏ အကျိုးကျေးဇူးများကို အလေးထားပါသည်။

ကျွန်ုပ်တို့၏ လုပ်ငန်းများနှင့် ၎င်းတို့ကို ဆောင်ရွက်ပေးပုံအကြောင်း (ကောင်းသည် မကောင်းသည် နှစ်မျိုးလုံး) သင် သဘောထားမှတ်ချက်ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

### ယုံမှတ်အပ်နှံမှုအုပ်ထိန်းအဖွဲ့

ဖုန်း-
**၁၈၀၀ ၀၁၄ ၅၃၆**

အီးမေးလ်-
**complaints@pt.qld.gov.au**

ဝက်ဘ်ဆိုက်-
**www.pt.qld.gov.au**

### ကွင်းစ်လန် အရပ်ဖက်ဆိုင်ရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ခုံရုံး

ဖုန်း-
**၁၃၀၀ ၇၅၃ ၂၂၈**

ဝက်ဘ်ဆိုက်-
**www.qcat.qld.gov.au**

### လူ့အခွင့်အရေးများ ကော်မရှင်

ဖုန်း- **၁၃၀၀ ၁၃၀ ၆၇၀**

အီးမေးလ်-
**enquiries@qhrc.qld.gov.au**

ဝက်ဘ်ဆိုက်-
**www.qhrc.qld.gov.au**

### ကွင်းစ်လန် အွန်ဘတ်စ်မင်

ဖုန်း-
**၁၈၀၀ ၀၆၈ ၉၀၈**

ဝက်ဘ်ဆိုက်-
**www.ombudsman.qld.gov.au**



## ၁ ကျွန်ုပ်တို့၏ လုပ်ရပ်တစ်စုံတစ်ရာကို မကျေနပ်ဘူးလား။

**လူတိုင်း** တွင် တိုင်တန်းနိုင်ခွင့် ရှိသည်။

တိုင်တန်းချက်ကို ယုံမှတ်အပ်နှံမှုအုပ်ထိန်းအဖွဲ့ ဝန်ထမ်းတစ်ဦးဦးသို့ လူကိုယ်တိုင်၊ ဖုန်းဖြင့်၊ အီးမေးလ်ဖြင့်၊ စာရေး၍ သို့မဟုတ် ဝက်ဘ်ဆိုက်မှတစ်ဆင့် တိုင်တန်းနိုင်သည်။

သင် ကျွန်ုပ်တို့၏ တိုင်တန်းချက် ဖုန်းလိုင်းသို့လည်း ဖုန်းခေါ်ဆိုနိုင်သည်- သို့မဟုတ် အီးမေးလ် - ပို့နိုင်သည်။

**၁၈၀၀ ၀၁၄ ၅၃၆**

**complaints@pt.qld.gov.au**

ကျွန်ုပ်တို့၏ ဝန်ထမ်းများသည် သင့် တိုင်တန်းချက်ကို အမြန်ဆုံး ဖြေရှင်းပေးရန် ကြိုးစားပါမည်။

**ကျွန်ုပ်တို့၏ ဝန်ထမ်းများသည် သင့်အား တိုင်တန်းချက် ပြုလုပ်ရန် ကူညီပေးနိုင်သည်။ ကျွန်ုပ်တို့ သင့်အား မည်သို့အကောင်းဆုံးကူညီပေးနိုင်မည်ကို အသိပေးပါ။**

အကယ်၍ ကျွန်ုပ်တို့အား ဆက်သွယ်သူများ တိုင်တန်းချက်ဆိုင်ရာ စီမံခန့်ခွဲရေး မူဝါဒကို သင် ဖတ်ရှုလိုပါက မိတ္တူတစ်စောင်ကို တောင်းပါ သို့မဟုတ် ဝက်ဘ်ဆိုက် **www.pt.qld.gov.au တွင်ကြည့်ပါ။**

မူဝါဒ

## ၂ တိုင်တန်းပြီးနောက် ယခု ဘာဖြစ်မည်နည်း။

သင်၏ တိုင်တန်းချက်ကို လျှို့ဝှက်ထားပါမည်။

တိုင်တန်းချက်များကို ကိုင်တွယ်ဖြေရှင်းပေးမည့် ဝန်ထမ်းသည် သင့်တိုင်တန်းချက်ကို လက်ခံရရှိကြောင်း **အလုပ်လုပ်ရက်**၃ ရက်အတွင်း အကြောင်းကြားပါမည်။

သူတို့သည် သင့် တိုင်တန်းချက်ကို စိစစ်ပါမည်၊ နောက်ထပ်အချက်အလက်မေးမြန်းရန် သင့်ကို ဆက်သွယ်နိုင်သည်။

အကယ်၍ တိုင်တန်းချက်မှာ ကျွန်ုပ်တို့၏ တိုင်တန်းချက်များဆိုင်ရာမူဝါဒနှင့် မဆိုင်သောကိစ္စဖြစ်ပါက သင့်အား အခြားအေဂျင်စီရုံးတစ်ခုသို့ လွှဲပေးနိုင်ပါသည်။

အရာရှိက တိုင်တန်းချက်အကြောင်း နားလည်နိုင်ရန် အမှုတွဲမှတ်စုများ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေပြဋ္ဌာန်းချက်ကို ဖတ်ရှုသုံးသပ်ပါလိမ့်မည်။

## ၃ အဖြေကိုရရန် မည်မျှ အချိန်ကြာမည်နည်း။

တစ်ခါတစ်ရံ၌ တိုင်တန်းချက် ကိုင်တွယ်ဖြေရှင်းပေးမည့်အရာရှိအဖို့ သုံးသပ်ရန် အချက်အလက် အမြောက်အမြား ရှိပါသည်။

၄၅

သင်၏ တိုင်တန်းချက်ကို ရသည့်အခါ ဖြေရှင်းပေးရန် အချိန်မည်မျှ လိုသည်ကို **အလုပ်လုပ်ရက် ၃ ရက်** အတွင်း သင့်အား အသိပေးပါမည်။

သင်၏ တိုင်တန်းချက်ကို ဖြေရှင်းပေးရန် **အလုပ်လုပ်ရက် ၃၀ ရက်** အထိ သာမန်အားဖြင့် လိုအပ်ပါသည်။

အတွင်းရေးအချက်အလက်နှင့်သက်ဆိုင်သည့် တိုင်တန်းချက်များကို **အလုပ်လုပ်ရက်**၄၅ ရက်အတွင်း ကျွန်ုပ်တို့ သာမန်အားဖြင့် ဖြေရှင်းပေးပါသည်။

သင်၏ မကျေနပ်ချက်ကို ကိုင်တွယ်ဖြေရှင်းပေးရန် ကြန့်ကြာနေပါက အရာရှိက သင့်အား အသိပေးပါမည်။

## ၄ အဖြေကို မကျေနပ်ပါ – ယခု ဘာလုပ်နိုင်ပါသလဲ။

အကယ်၍ တိုင်တန်းချက် ဖြေရှင်းပုံအား မကျေနပ်ပါက ရုံးတွင်း ပြန်လည်သုံးသပ်ပေးရန် **အလုပ်လုပ်ရက်** ၂၀ ရက်အတွင်း သင် တောင်းဆိုနိုင်သည်။

ကျွန်ုပ်တို့အနေဖြင့် ရုံးတွင်းပြန်လည်သုံးသပ်မှု လုပ်ပေးမည် မလုပ်ပေးမည်ကို **အလုပ်လုပ်ရက်**၅ ရက်အတွင်း သင့်အား အသိပေးပါမည်။

ကျွန်ုပ်တို့သည် ရုံးတွင်း ပြန်လည်သုံးသပ်မှုကို **အလုပ်လုပ်ရက်** ၂၀ ရက်အတွင်း အပြီးသတ် သုံးသပ်ပေးရန် ရည်မှန်းထားသည် – ပိုကြာမည်ဆိုပါက သင့်အား အသိပေးပါမည်။

**ရုံးတွင်း ပြန်လည်သုံးသပ်မှုအတွက် နည်းလမ်းများကို ဆွေးနွေးရန် ကျွန်ုပ်တို့၏ တိုင်တန်းချက်များဖုန်းလိုင်း 1800 014 536 ကို သင် ဖုန်းခေါ်နိုင်ပါသည်။**

QUEENSLAND OMBUDSMAN
*Standing for fairness*

အကယ်၍ ရုံးတွင်းပြန်လည်သုံးသပ်မှု၏ ဖြေရှင်းချက်ကို သင် မကျေနပ်သေးပါက သီးခြား လွတ်လပ်သော ပြင်ပပြန်လည်သုံးသပ်မှုလုပ်ပေးရန်အတွက်**ကွင်းစ်လန် အွန်ဘတ်စ်မင် (Queensland Ombudsman)** ကို သင် ဆက်သွယ်နိုင်သည်။ နောက်ထပ် အချက်အလက်များအတွက် ဖုန်း **1800 068 908** ကိုဆက်ပါ သို့မဟုတ် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် **www.ombudsman.qld.gov.au တွင်ကြည့်ပါ။**

အကယ်၍ ကျွန်ုပ်တို့ထံ လူ့အခွင့်အရေးများဆိုင်ရာ မကျေနပ်ချက် တိုင်တန်းခဲ့ပြီး တုံ့ပြန်ချက်ကို **အလုပ်လုပ်ရက်**၄၅ ရက်အတွင်း မရရှိသေးလျှင် သို့မဟုတ် ဖြေရှင်းချက်ကို မကျေနပ်လျှင် သင် **လူ့အခွင့်အရေးများ ကော်မရှင် (Human Rights Commission)** ဖုန်း **1300 130 670**ကိုဆက်သွယ်နိုင်သည်။

**ကွင်းစ်လန် အရပ်ဖက်ဆိုင်ရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ခုံရုံး (Queensland Civil and Administrative Tribunal)**သို့ လျှောက်လွှာတင်သွင်း၍၊ ခုံရုံး၏ အကြံဉာဏ်၊ လမ်းညွှန်ချက်များ သို့မဟုတ် အကြံပြုချက်များ ယုံမှတ်အပ်နှံမှုအုပ်ထိန်းအဖွဲ့သို့ ပေးပို့ရန်တောင်းခံနိုင်သည် သို့မဟုတ် အုပ်ထိန်းအဖွဲ့၏ စီမံခန့်ခွဲသူခန့်အပ်ပေးမှုကို ပြန်လည်သုံးသပ်ပေးရန် တောင်းခံနိုင်သည်။ နောက်ထပ် အချက်အလက်များကို **www.qcat.qld.gov.au တွင်တွေ့နိုင်ပါသည်။**

သင်ဆက်သွယ်နိုင်သောသူ တစ်ယောက်ယောက်ရှိလျှင်လည်း သင့်အား ကျွန်ုပ်တို့ အသိပေးပါမည်။